ရက်စွဲ၊ ။၂၀၀၃ ခုနှစ် ဇွန်လ ၅ ရက်

ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT) မှ သတင်းထုတ်ပြန်ကြေညာချက်

# လူကုန်ကူးမှုဖြစ်အောင် ဖန်တီးနေသော ကချင်ဒေသတွင်းရှိ ထကြော့ပြန်ထည်ဖြစ်ပွားသော စစ်ပွဲများ

ကချင်အမျိုးသမီးများမှ ရေးသားထုတ်ဝေထိုတ်သည် အစီရင်ခံစာအသစ်သည် ကချင်ဒေသတွင်းဖြစ်ပွားနေသော မြန်မာအစိုးရ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများမှာ တရုတ်-မြန်မာနယ်စပ်တလျှောက် လူကုန်ကူးမှုပြဿနာအား ပိုမိုကြီးထွားစေကြောင်း မီးမောင်းထိုးဖော်ပြထိုတ်သည် အစီရင်ခံစာ တစောင်ဖြစ်သည်။

ယနေ့ ထုတ်ဝေလိုက်သည့် ကချင်အမျိုးသမီးများအစည်းအရုံး (ထိုင်းနိုင်ငံ) (KWAT) ၏ "ချောက်ကမ်းပါးစွန်းသို့ တွန်းပို့ခံရခြင်း" အစီရင်ခံစာသည် လွန်ခဲ့သော ၂ နှစ်တာကာလအတွင်း ပြည်သူပေါင်း ၁ သိန်းကျော် မိမိတို့ နေရပ်ဒေသများကို စွန့်ခွာ ရွှေ့ပြောင်းခဲ့ရခြင်း၊ ဒုက္ခသည်များအား ကာကွယ်ပေးမှုကင်းမဲ့ခြင်းနှင့် လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပြတ်လပ်ခြင်းတို့သည် ယခင်ကတည်းက မဖြေရှင်းနိုင်သေးသည့် တရုတ်နိုင်ငံသို့ ကချင်အမျိုးသမီးများ လူကုန်ကူးခံနေရမှု ပြဿနာကို မိုမိုအားမြှင့်ပေးနေကြောင်း ထောက်ပြဝေဖန်ထားသည်။

KWAT ၏ အစီရင်ခံစာအတွင်းတွင် ၂၀၁၁ ခုနှစ် ဇွန်လ တိုက်ပွဲများစတင်ဖြစ်ပွားချိန်မှစ၍ ကချင်နတ်စပ်ဒေသများမှ လူကုန်ကူးမှု (သို့) လူကုန်ကူးမှုမြောက်နိုင်ဖွယ်ရှိသော ဖြစ်ရပ်ပေါင်း ၂၄ ခုကို တည်သွင်းဖော်ပြထားသည်။ ထိုဖြစ်ရပ်များတွင် ပါဝင်သည် လူကုန်ကူးခံရသူအများစုမှာ စစ်ပြေးဒုက္ခသည် အမျိုးသမီးငယ်များနှင့် မိန်းကလေးများ ဖြစ်ကြပြီး ၎င်းတို့သည် လိမ်လည်လှည့်ဖျားခံရပြီး မူးယစ်ဆေးဖါးတိုးခံရကာ မုဒိမ်းကျင့်ခံကြရသည့်သာမက တရုတ်အမျိုးသားများ (သို့) တရုတ်မိသားစုများတံသို့ ဇနီးမယားအဖြစ် (သို့) အလုပ်သမားအဖြစ် တစ်ယောက်လျှင် ယွမ် ၄၀,၀၀၀ (အမေရိကန်ဒေါ်လာ ၆,၅၀၀ ခန့်) လောက်ပြင့် ရောင်းစားခံကြရသည်။

တရုတ်နိုင်ငံတွင် ဒုက္ခသည်အဖြစ် အသိအမှတ်ပြုမခံရသော ကချင်စစ်ပြေးဒုက္ခသည်အများစုသည် နယ်စပ်တလျှောက်ရှိ ဒုက္ခသည်စခန်းများတွင် ကြမ်းပိတ်စွာ စုပြုံခိုလှုံနေကြရပြီး နိုင်ငံတကာမှ ထိုက်ရိုက်ကူညီထောက်ပံ့မှုလည်း မရှိသလောက်နည်းပါးသည်။ ဒုက္ခသည်အများစုသည် ဝင်ငွေရရှိရေးအတွက် တရားမဝင် နယ်စပ်ဖြတ် ကူးနေမှုများသည်လည်း လူကုန်ကူးခံရမှုအခြေအနေကို ဆိုတ်ရောက်စေသည်။

"ထောင်နဲ့ချီတဲ့ ပြည်သူတွေကို တရုတ်နိုင်ငံသက်ကို တွန်းပို့၊ သူတို့အတွက် ဘဝအာမခံချက်နဲ့ စားဝတ်နေရေးအတွက် ခံစားခွင့်မပေးတာဟာ လူကုန်ကူးမှု မဖြစ်ဖြစ်အောင် ဖန်တီးလိုက်တာပဲ" ဟု KWAT ၏ ပြောရေးဆိုခွင့်ရှိသူ ဂျူလီယာ မာရစ်မှ ပြောသည်။

လူကုန်ကူးမှုဖြစ်ပွားအောင် အားပေးသော စစ်တပ်အကြမ်းဖတ်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်မှုအပေါ် ပိတ်ပင်တာဆီးမှုများပြုလုပ်နေသည် မြန်မာအစိုးရ၏ မူဝါဒများအား ထောက်ရှု၍ KWAT သည် အမေရိကန်အစိုးရ၏ ၂၀၁၂ ခုနှစ် လူကုန်ကူးမှုဆိုင်ရာအစီရင်ခံစာအတွင်း မြန်မာနိုင်ငံအား အဆင့်လျော့ချသတ်မှတ်ခဲ့မှုအပေါ် ပြင်းပြင်းတန်တန် ဝေဖန်ရှုတ်ချခဲ့သည်။ မြန်မာအစိုးရမှ အကြိမ်ကြိမ် ဖော်ပြကြော်ငြာနေသော "လူကုန်ကူးမှုဆန့်ကျင်ရေးအထူးလုပ်ငန်းအဖွဲ့များ"မှာလည်း ကချင်ပြည်နတ်-တရုတ်နတ်စပ်တွင် လုံးဝ အလုပ်မဖြစ်ပေ။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် မြန်မာအစိုးရအား စစ်ပွဲပဋိပက္ခများ ရပ်စဲ၍ နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန်၊ ကချင်စစ်ပြေးဒုက္ခသည်များ အရေးတကြီး လိုအပ်သော လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အမြန်ဆုံး ထောက်ပံ့ကူညီပေးရန်နှင့် မြန်မာနိုင်ငံတွင်း ဖြစ်ပွားနေသော လူကုန်ကူးမှု ပြဿနာများအား ခြုံငုံဆုံးသပ်၍ ထိထိ ရောက်ရောက်ထိုင်တွတ်ရန် KWAT မှ အလေးအနတ် တိုက်တွန်းသည်။

အစီရင်ခံစာအပြည့်အစုံအား www.kachinwomen.com တွင် ဝင်ရောတ်ဖတ်ရှုနိုင်သည်။

ဆက်သွယ်ရန်
ဂျူလီယာ မာရစ် - + ၆၆ (၀) ၉၀၇၅၀ ၄၉၆၀
ဆိုင်းရဒန် - + ၆၆ (၀) ၈၉၆၃၉ ၆၀၈၀

*ကချင်အမျိုးသမီးများအရေး လုပ်ဆောင်နေသော လူမှုအဖွဲ့အစည်းတစ်ရပ်အနေဖြင့် မိမိတို့ ကချင်အမျိုးသမီးအစည့်းအရုံး (ထိုင်းနိုင်ငံ) သည် ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာအဆင့်အသီးသီးရှိ ဆုံးဖြတ်ချက်ချသော နေရာများတွင် ပါဝင်ဆုံးဖြတ်နိုင်ရန် အမျိုးသမီးများအား စွမ်းရည်မြှင့်တင်ပေးသော၊ ကချင်ကလေးငယ်များအားလုံး ၎င်းတို့၏ စွမ်းရည် ပြည့်စွမ်းနိုင်မည့်အခွင့်အလမ်းရှိသော၊ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်သော ကချင်ပြည်နယ်တခု ဖြစ်ပေါ်လာရေးအတွက် မျှော်မှန်းသည်။*